မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့်
အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့

**Technical Assistance for Planning and Implementing**
**Income Restoration Program in Myanmar**

## ပြောင်းရွှေ့နေရာချထားသောနေရာမှ လူထုအတွက် ရေကောင်းရေသန့် ရရှိစေရန် ရေတွင်း ၂ တွင်း ပြုပြင်ပေးခြင်း



ပြောင်းရွှေ့နေရာချထားသောနေရာမှ လူထုအတွက် ရေကောင်းရေသန့် ရရှိစေရန် ရေတွင်း ၂ တွင်း ပြုပြင်မှုကို နိုဝင်ဘာလ အစောပိုင်းတွင် ပြုလုပ်ခဲ့ပါသည်။ ရေတွင်းပြုပြင်မှု မပြုလုပ်ခင် ရေမကြည်သည့် ပြဿနာကို မည်သို့ ဖြေရှင်းရမည်ကို လူထုနှင့် အရင် အစည်းအဝေး ပြုလုပ်ပါသည်။ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက် အတိုင်း ရေတွင်းကို ပြင်ဆင်ခဲ့ပါသည်။ အလုပ်သမားများနှင့် လိုအပ်သော ကိရိယာများကို ဦးစန္ဒာဝရမှ တာဝန်ယူကူညီခဲ့ပါသည်။

## Open Wells renovation for Community People



Renovation of two open wells has done for the relocated people in the beginning of December at the relocation site. Before the renovation work, participatory discussion had made how to solve the dirty water problem of both two wells. Renovation work was done by based on the idea from community people. Workers and material are organized by U Sandar Wara, venerable monk.

## Atsumi Myanmar Co., Ltd. မှ အလုပ်သမားရွေးချယ်ရန် အင်တာဗျူးသည့်အစီအစဉ်



Atsumi Myanmar Co.,Ltd မှ အလုပ်သမားရွေးချယ်ရန် လျှောက်ထားသော CV ကိုယ်ရေးမှတ်တမ်း ယူဆောင်ခြင်း နှင့် ယင်းစက်ရုံ၏ လုပ်ငန်းစဉ်များကို သီလဝါ စက်မှုဇုန် အိုးအိမ်ရုံးခန်း တွင် ဒီဇင်ဘာလ ၇ ရက်နေ့၌ ရှင်းလင်းတင်ပြ ခဲ့ပါသည်။ JICA Expert Team မှ လူထုအတွင်း အလုပ်လုပ်ရန်စိတ်ဝင်စားသူများကို ဖိတ်ကြားခြင်း၊ CV ရေးရာတွင် ကူညီခြင်းများကို ပြုလုပ်ပေးခဲ့ပါသည်။ အထူးစီးပွားရေးဇုန် အနီးအနားမှ လူငယ် အယောက် ၆၀ ခန့် တက်ရောက်ခဲ့ပါသည်။

## Interview of Atsumi Myanmar Co., Ltd.



Atsumi Myanmar Co., Ltd. presented to the community people around Thilawa SEZ to explain their company background and collected their CV of the participants who are interested to work in their factory on 7 December 2015.JICA Expert Team assisted inviting to participants and writing CV. Over 60 participants from the villages around Thilawa SEZ attended to interview.

## Thilawa SEZ Multi Stakeholders Advisory Group (MSAG) 15th Dec 2015




MSAG အစည်းအဝေးကို ဘက်ပေါင်းစုံပါဝင်သော အဖွဲ့အစည်းများ ပါဝင်သည့် အစည်းအဝေးအနေဖြင့် ၃လ တစ်ကြိမ် ကျင်းပပါသည်။ ယင်းအစည်းအဝေးတွင် NGOs အဖွဲ့အစည်းများ၊ လူထု ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများ၊ TSEZ စီမံခန့်ခွဲရေးကော်မီတီ နှင့် JICA ကျွမ်းကျင်ပညာရှင် အဖွဲ့တိုပါဝင် တက်ရောက်ဆွေးနွေး ခဲ့ပါသည်။ သီလဝါ SEZ လတ်တလော အခြေအနေ၊ IRP ၏ လုပ်ငန်းစဉ် တိုးတက်မှု အခြေအနေ နှင့် လူထု၏ အခက်အခဲများ အကြောင်းကို ဆွေးနွေးကြပါသည်။ ကုမ္ပဏီများမှ သတင်းအချက်အလက်များ ဝေမျှခြင်း ကိုလည်း ပြုလုပ် ခဲ့ပါသည်။

## Thilawa SEZ Multi Stakeholders Advisory Group (MSAG) 15th Dec 2015






Multi Stakeholders Advisory Group (MSAG) meeting has been holding in every 3 month regularly among the interested stakeholders such as NGOs, Community Representatives, investors and TSEZ Management Committee and JICA Expert Team. The meeting is to discuss the current situation of SEZ, progress of IRP activities, information sharing from investors and the concerned issues of the community people.

## IRPISC အစည်းအဝေး (၁၇ ဒီဇင်ဘာ ၂၀၁၅)






IRPISC သည် ဌာနဆိုင်ရာ အစိုးရအဖွဲ့မှ အရာရှိများပါဝင်သည့် ကော်မီတီဖြစ်ပါသည်။ ယင်း ကော်မတီ၏ အဓိက ရည်ရွယ်ချက်မှာ မူလဝင်ငွေ ပြန်လည်ရောက်ရှိရေးအစီအစဉ် မှ စီမံကိန်းကြောင့် ထိခိုက်နစ်နာသော လူထုအတွက် အခြေခံအဆောက်အဦးအပါအဝင် အခြားဖွံ့ဖြိုးရေးနှင့် ပတ်သက်သော ပံ့ပိုးမှုများ ပြုလုပ်ရာတွင် မည်ကဲ့သို့ ပူးပေါင်းပါဝင် လက်တွဲ လုပ်ဆောင်ရမည်ကို ဆွေးနွေးရန် ဖြစ်ပါသည်။ ရံဖန်ရံခါ ပြင်ပ အတိုင်ပင်ခံပညာရှင်မှ တက်ရောက်ပြီး ဆွေးနွေးအကြံပြုချက်များကို ပြုလုပ်ပါသည်။

## IRPISC Meeting (17th Dec 2015)



Income Restoration Program Implementation Sub Committee Meeting was held in Southern District General Administrative Department on 17th December 2015. In the meeting, Government Officials, representatives from PAPs and JICA Expert Team attended. The objective is to discuss how to assist the improvement of the infrastructure and sustainable development for relocated people by the related government officials. Sometimes, a freelance consultant joins the meeting and gives the advice to the government officials and community.